အင်ဒေါင်းကျေးရွာအုပ်စု၊ လှည်းကူးကျေးရွာ
ထီးချိုင့်မြို့နယ်
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀-၂၀၂၁ မှ ၂၀၂၅)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လှည်းကူးကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဇူလိုင်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	လှည်းကူးကျေးရွာ သယံဇာတပြမြေပုံ၊ ထီးချိုင့်မြို့နယ်မြို့နယ်	၅
	လှည်းကူးကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်	၆
	လှည်းကူးကျေးရွာ ရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်း (Venn Diagram)	၇
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၁၀
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၁
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၁
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၂
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၂
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၂
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၅
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေး သော သမဝါဘမနှင့်၊ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက် ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက် အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ် သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြ ဇယားစသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လှည်းကူးကျေးရွာ
ထီးချိုင့်မြို့နယ်

ဇူလိုင်လ၊ ၂၀၂၁

လှည်းကူးကျေးရွာသယံဇာတပြမြေပုံ၊ထီးချိုင့်မြို့နယ်




လှည်းကူးကျေးရွာ ရာသီခွင်ပြု ပြက္ခဒိန်ဇယားချိုင့်မြို့နယ်



အပြစ်အပျက်များ	ကန်ခွ	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု	ပူ	ပူ	ပူ	ခဲ့	သဲ့	ပူ	သဲ့	ေး	ေး	ေး	သဲ့	သဲ့
အလုပ်အကိုင်	ဆီ ဖြော်-သိမ်း	ဆွ ပေါ်-ဆိုင်း	ဆိုး ပေါ်-ထောင်	ကျပမ်း	ဆိုး ပေါ်-ခိုက်	ဂျုံ-ခိုက်	ကျပမ်း	ဖြော်-သိမ်း	ဖြော်-သိမ်း	ဖြော်-သိမ်း	ဖြော်-သိမ်း	ဖြော်-သိမ်း
လက်လှမ်းမီသော အစားအစာများ	နေ့စား ကြဲ့ချက်	ပေါင်းဖိုက်	ဟိုး-ချက် လယ်ခိုက်	ဟိုး-ချက် လယ်ခိုက်	ဆိုး-ပေါ် ခိုက်ပျိုး	ဆိုး-ပေါ် ခိုက်	ကျပမ်း	ဖြော်-ချက်	ဖြော်-ချက်	ဖြော်-ချက်	ဖြော်-ချက်	ဖြော်-ချက်
အသုံးစရိတ်												
ချေးငွေလိုအပ်မှု	ဆွ ပေါ်-ခိုက် ဟိုး-ချက်	-	-	ဆိုး ပေါ် ခိုက်ပျိုးရာသီ	-	-	ဖဲခိုက်ပျိုး ဟို ချေးငွေလိုအပ်မှု	-	-	-	-	-
ဝမ်းစာရေရပ်မှု	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ	ပြည့်စုံ
တိရစ္ဆာန်အစာရေရှိမှု	ရှိ	ရှိ	ရှိ	ရှား	ရှား	ရှား	ရှား	ရှိ	ရှိ	ရှိ	သဲ့	သဲ့
တိရစ္ဆာန်ကျက်စားနေရာ	-	-	-	-	-	-	-	-	-	-	ကျဉ်းကျပ်	-
ကျန်းမာရေး ရောဂါများ/ဒဏ်ရာ ခြင်း	-	-	ရှိ	ရှိ	ရှိ	ရှိ	-	-	-	-	သဲ့	သဲ့
အိမ်ခွင်ပိုးမွှား ကောင်ကျွဲကောင်	-	-	-	-	-	ရှိ	ရှိ	-	-	-	ရှိ	ရှိ
မိုးတော်	ဆောင်ရွက်ရန်	-	ဂါဆိုမိုး	-	-	မိုးအုန်းပွဲ	ဘုရားတော်ပွဲတော်	ဆေးခန်း	-	ဆေးခန်း	-	
အကဝေးအဆိုက်ရာယ်	ရှိ	ရှိ	ရှိ	-	-	-	-	-	-	-	-	-

လှည်းကူးကျေးရွာ ရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံ(Venn Diagram) ၊ထီးချိုင့်မြို့နယ်



အင်ဒေါင်းကျေးရွာအုပ်စု၊ လှည်းကူးကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့်
ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေး အဆင့်	၂၀-၂၁	၂၂-၂၃	၂၃-၂၄	၂၄-၂၅	၂၅-၂၆
၁	ဘီးနင်းကွန်ကရစ်လမ်းခင်းခြင်း	၁					
၂	ကျေးရွာဆေးပေးခန်းဆောက်လုပ်ခြင်း	၂					
၃	၂၄ နာရီမီးလင်းရေးဆောင်ရွက်ခြင်း	၃					
၄	နာရေးကူညီမှုကားဝယ်ယူခြင်း	၄					
၅	ကျောင်းခြံစည်းရိုးကာရံခြင်း	၅					

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လှည်းကူးကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ထီးချိုင့်မြို့နယ် အင်ဒေါင်း ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် ကျွန်းစိုက်ခင်းနှင့် ကြံခင်းများ မြောက်ဘက်တွင် ကြို့ကုန်းကျေးရွာ၊အနောက်ဘက်တွင် အင်ဒေါင်းအင်းနှင့် တောင်ဘက်တွင် ကြံခင်းမြေများနှင့် အင်ဒေါင်းကျေးရွာတည်ရှိပါသည်။ကျေးရွာတွင် ဗမာလူမျိုးများနေ ထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၆၄)ကေနှင့် ယာမြေ (၆၀၆)ကေစုစုပေါင်း (၈၇၀) ဧကရှိပါသည်။ကျေးရွာတွင် မိုးစပါး၊ နွေစပါး၊ နှမ်းနှင့် ပဲအမျိုးမျိုးကို စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အိမ်ထောင်စု (၂၅၇)စု ကျား (၅၄၁)ဦး၊မ (၅၉၇)ဦး စုစုပေါင်း (၁၁၃၈)ဦး ရှိပါသည်။ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ဓမ္မစကူးအဖွဲ့ (ကျား – ၃ဦး + မ – ၁၃ဦး စုစုပေါင်း – ၁၆ဦး)၊နာရေးကူညီမှုအဖွဲ့ (ကျား – ၁၃)ဦး၊မူးယစ်ဖမ်းဆီးရေးအဖွဲ့ (ကျား – ၁၅)ဦး၊ကပ္ပိယအဖွဲ့ (ကျား – ၁၈ဦး မ – ၁၀ဦး စုစုပေါင်း – ၂၈)ဦး၊ လူပျိုအဖွဲ့ (ကျား – ၇၀)ဦး၊အပျိုအဖွဲ့ (မ – ၈၀)ဦး၊နာယကအဖွဲ့ (ကျား – ၇ဦး)၊ပရဟိတအဖွဲ့ (ကျား – ၂ဦး + မ – ၁၂ဦး စုစုပေါင်း – ၁၄)ဦး၊ဗျာခင်းအဖွဲ့(ကျား – ၄၀)ဦး၊ဓမ္မစကြံ့ာအဖွဲ့ (မ – ၂၅)ဦး၊ မိန်းမလတ်အဖွဲ့ (မ – ၂၅)ဦး၊မီးလင်းရေးအဖွဲ့ (ကျား –၄ဦး + မ – ၃ဦး စုစုပေါင်း – ၇)ဦး၊ မိခင်နှင်းကလေးစောင့်ရှောက်ရေးအဖွဲ့ (မ – ၅ဦး) ၊ရေအိုးတည်အဖွဲ့ (မ – ၂၅)ဦးတို့သည် ကျေးရွာ၏ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြပါသည်။ကျောင်းကော်မတီ အဖွဲ့ (ကျား – ၇ဦး + မ – ၃ဦး စုစုပေါင်း – ၁၀)ဦးသည် ကျေးရွာစာသင် ကျောင်းရှိဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လှည်းကူးကျေးရွာသည် (၂.၅)ဧကအောက်ဆင်းရဲသားတောင်သူ (၁၄)အိမ်ထောင်စု၊ (၂.၅)ဧကနှင့် (၅)ဧကကြားတောင်သူငယ် (၂၃)အိမ်ထောင်စု၊ (၅)ဧကနှင့် (၁၂.၅)ဧကကြား (၇၄)အိမ်ထောင်စု၊(၁၂.၅)ဧကနှင့်အထက် ပိုင်ဆိုင်သူတောင်သူကြီး (၁၄)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးနှင် ကြံကိုစိုက်ပျိုးကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ အဝီစိတွင်းရေနှင့် မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။စိုက်ပျိုးရေ အသင့်အတင့်ရရှိသောကြောင့် နွေရာသီတွင် မုရင်းစပါးအနည်းငယ် စိုက်ပျိုးကြပါသည်။စပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၄၅)တင်းထွက်ရှိပါသည်။ကြံအထွက်နှုန်းမှာ တစ်ဧကလျှင်ပျမ်းမျှ (၂၅)တန်ထွက်ရှိပါသည်။ကျေးရွာ တွင်ထွန်စက်ကြီး (၁၆) စီး၊လက်တွန်းထွန်စက် (၁)စီး၊ရိတ်သိမ်းစက် (၂)စီး၊ခြွေလှေ့စက် (၅)စီး၊ ရေစုပ်စက် (၃)လုံး ရှိပါသည်။အဖွဲ့ပိုင်ထွန်စက်၊ရိတ်သိမ်းခြွေလှေ့စက်မရှိပါ။အချို့သောတောင်သူများသည် ကျေးရွာရှိစက်များကို ငှါးရမ်းလုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

လှည်းကူးကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၂၅)အိမ်ရှိပြီး နွားကောင်ရေ (၆၆)ကောင်၊နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု (၉)စု၊ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၅၅)အိမ်ရှိပြီးကျွဲကောင်ရေ (၁၆၁)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၇၈)အိမ်ရှိပြီး ဝက်ကောင်ရေ (၁၂၄)ကောင်နှင့် ကြက်မွေးမြူ ထားသည့်အိမ်ထောင်စု (၁၃၉) အိမ်ရှိပြီး ကြက်ကောင်ရေ (၉၇၅)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊ လက်သမား/ပန်းရံလုပ်ငန်း ယာဉ်မောင်းလုပ်ငန်း၊ဈေးအရောင်းအဝယ်လုပ်ငန်း စသည့်ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ကိုင် နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွား

ရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင် မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ် သောအတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် ကြံစိုက်ပျိုးစရိတ်ချေးငွေများကို ဂရိတ်ဝေါကုမ္ပဏီမှ တစ်တန်လျှင် (၃၅၀၀၀)နှုန်းဖြင့် တောင်သူ၏ရရှိသည့် ကြံတန်ချိန်၏ တစ်ဝက်နှုန်းဖြင့် ထုတ်ချေးပေးပါသည်။မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ် သောအသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းအထိ ချေးယူကြရပြီး ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင် တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါးကြပါသည်။ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန်လို လားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်ဘီး (၁၈)စီး၊မော်တော် ဆိုင်ကယ် (၂၃၇)စီး၊သုံးဘီးဆိုင်ကယ် (၁)စီး၊ ကား (၈)စီးနှင့် နွားလှည်း (၄၁)စီးစသည်ဖြင့် သယ်ယူပို့ဆောင် ရေးကဏ္ဍအတွက် အသုံးပြု နေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်း တစ်မျိုးသာရှိပြီး မိုးရာသီတွင် ဗွက်များ၊ ချိုင့်များ ဖြစ်ကာသွားလာရ အဆင်မပြေမှုများရှိနေပါသည်။လမ်း၏ပေအရှည်မှာ (၂၁၈၄)ပေ အရှည်ရှိ ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်း မရရှိသေးပါ။ဆိုလာမီးသုံးစွဲနေသော အိမ်ထောင်စု (၂၅၁)စုရှိပြီး ကျန် (၆)အိမ်မှာ ဖရောင်းတိုင်မီးကိုသာအသုံးပြုလျှက် ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လှည်းကူးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃၈၅)လုံး၊ ရေဒီယို (၁၁)လုံး၊တီဗွီ (၆၆)လုံး၊ ဂြိုလ်တုစလောင်း (၆၅)လုံးစသည်တို့မှရရှိပြီး ကျေးရွာအနီးတွင် ဆက်သွယ်ရေးတာဝါတိုင်များရှိသည့်အတွက် ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်များ ရရှိပါသည်။

၆။ ပညာရေး

လှည်းကူးကျေးရွာရှိ ကျောင်းသား/သူများသည် အ.လ.က အဆင့်ဖြင့် ပညာသင်ကြား လျှက်ရှိပါသည်။အထက်တန်းပညာရေးအား (၂)မိုင်ခန့်ကွာဝေးသော ကြက်တကောင် ကျေးရွာရှိ ကျောင်းသို့သွားရောက်ပညာသင်ကြားကြရပါသည်။ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။

ကျေးရွာတွင် စာမတတ်သူ (၁.၄၅%)ရှိပါသည်။မူလတန်းအဆင့် စာတတ်မြောက်သူ များမှာ လူဦးရေ၏ (၆၁.၉)ရာခိုင်နှုန်းအထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ် မြောက်သူများမှာ (၂၃.၉)ရာခိုင်နှုန်း၊အထက်တန်းအဆင့် စာတတ်မြောက်သူ များမှာ (၇.၄၄)ရာခိုင်နှုန်းနှင့် တကသိုလ်အဆင့် စာတတ်မြောက်သူများမှာ (၅.၃၁)တို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့်ကာကွယ်ဆေးများအား ကျေးရွာ အထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျှက်ရှိပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာ ရေးဆေးပေးခန်းမရှိသဖြင့် (၂)မိုင်ခန့်ကွာဝေးသော ကြက်တဆောင်ဆေးပေးခန်းသို့ ခက်ခဲ စွာသွားရောက်ကုသကြရပါသည်။တိုက်နယ်ဆေးရုံသည် အင်းရွာကျေးရွာတွင်တည်ရှိပြီး **လှည်းကူး**ကျေးရွာနှင့် (၅)မိုင်ခန့် ကွာဝေးပါသည်။ထီးချိုင့်မြို့နယ်ဆေးရုံကြီးနှင့် (၂၁)မိုင်ခန့် ကွာဝေးသော်လည်း အရေးပေါ်အခြေအနေတွင် ဆေးရုံကြီးသို့ပို့ဆောင်ပေးနိုင် **သော်လည်း** လမ်းပန်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို အဝီစိတွင်းမှ စက်များဖြင့်တူးဖော်ကာ အဓိကထား အသုံးပြုကြပါသည်။ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကိုအသုံးပြုကြပြီး ရေဆွဲ အိမ်သာ အသုံးပြုသည့် အိမ်ထောင်စု (၁)စုနှင့် ရေလောင်း/ယင်လုံသိမ်သာ အသုံးပြုသည့် အိမ်ထောင်စု (၂၀၄)စုရှိပါသည်။ကျန်မိသားစုများမှာ ဆွေမျိုးများနှင့်အတူအသုံးပြုကြပြီး ကျန်မိသားစုများမှာ ကြံခင်းများတွင်သာ အသုံးပြုကြခြင်းဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လှည်းကူးကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာ မဖူလုံ သည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ် ကူနိုင်ပါသည်။

လှည်းကူးကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ **အနည်းငယ်ရှိပါ**သည်။မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ**၊ဝမ်းပျက်ဝမ်းလျောရောဂါနှင့် ငှက်ဖျားရောဂါ**ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သွေးတိုးရောဂါနှင့်ဆီးချိုရောဂါ ဖြစ်ပွားသည့်လူနာအနည်း ငယ်ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်၊ ဝက်နှင့် **နွား**များမှာ ရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

လှည်းကူးကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများမှလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်သည့် လုပ်ငန်းများတွင် လည်းတက်ကြွစွာ ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ကျေးရွာတွင် အမျိုးသမီးများ အကြမ်းဖက်မှုမရှိသော်လည်း အကြမ်းဖက်မှုအတွက် ကာကွယ်ရမည့်တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – အင်ဒေါင်း			ကျေးရွာအမည် – လှည်းကူး	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	ရပ်ရွာမှဖွဲ့စည်းထားသော် အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့်သင်တန်းများစီစဉ် ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩ အချိုးကျအသုံးပြုလုပ်ကိုင်ဆောင်ရွက်နိုင်ရန်သင်တန်းများဖွင့်လှစ်ပေးခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ရောဂါပိုးမွှားအမျိုးမျိုးကို ကာကွယ်နိုမ်နှင်းနိုင်စေမည့် ဟောပြောပွဲများပြုလုပ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးသီးနှံများ စီးပွားရေးအမြင်ဖြင့် ဈေးကွက် ညှိနှိုင်း ဆောင်ရွက်နိုင်ရန် သင်တန်းများဖွင့်လှစ်ခြင်း။	
၆	စိုက်ပျိုးရေး	နည်းပညာ	တန်ဖိုးနည်းနည်းနှင့် ထွက်ကုန်များကိုနည်းပညာဖြင့်တန်ဖိုးမြင့်ထုတ်ကုန်သို့ကူးပြောင်းခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ကြံ၊စပါးသီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၈	စိုက်ပျိုးရေး	ဈေးကွက်	ဒေသတွင်းထွက်ကုန်များကို ဈေးကွက်သို့တင်ပို့ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီး ပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ စက်ချုပ်၊ မုန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၃	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	

ကျေးရွာအုပ်စုအမည် – အင်ဒေါင်း			ကျေးရွာအမည် – လှည်းကူး	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၄	ငွေကြေး	အသေးစား	ငွေချေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်အကူအညီယူ၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းတွင်းပညာရေးသရုပ်ပြစာစောင်များ ဗဟုသုတစာစောင်များထားရှိခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာဖြည့်တင်းခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	နိုင်ငံတော်မှထုတ်ပေးထားသော ရုပ်ပြ၊ပညာပေး၊သင်ထောက်ကူများ ထားရှိခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ပညာရေးဝန်ကြီးဌာနမှကျောင်းတွင်း ဟောပြောပွဲများဆောင်ရွက်ခြင်း။	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ဆရာ/ဆရာမ ဝန်ထမ်းအိမ်ယာများဆောက်လုပ်ပေးခြင်း။	
၂၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းစာကြည့်တိုက်သို့ စာအုပ်များဖြည့်တင်းခြင်း။	
၂၁	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း	
၂၂	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ကျောင်းတွင်း၊ကျောင်းပြင်ပ ကျန်းမာရေး အထောက်အကူပြုသင်တန်းများ၊ပစ္စည်းများ ရရှိအောင်ဆောင်ရွက်ခြင်း။	
၂၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	အုပ်စုကျန်းမာရေးမှူးနှင့် တစ်ပတ်တစ်ကြိမ်ဟောပြောပွဲများ ပြုလုပ်နိုင်ရန်ဆောင်ရွက်ခြင်း။	
၂၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းမြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	ဆောင်ရွက်ပြီး
၂၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းရှိ မြေသားလမ်း ၁၃၈၉ပေ အား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	

ကျေးရွာအုပ်စုအမည် – အင်ဒေါင်း			ကျေးရွာအမည် – လှည်းကူး	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၂၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်း။	
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေကန် /ရေသန့်စက်ရုံတည်ဆောက်ခြင်း။	
၂၈	လျှပ်စစ်	မိသားစုသုံးဆိုလာ	ကျေးလက်ဦးစီးဌာန၏ ဆိုလာဖြန့်ဖြူးမှု အစီအစဉ်နှင့် ချိတ်ဆက်တင်ပြခြင်း။	
၂၉	လျှပ်စစ်	မဟာဓာတ်အားလိုင်း	–	
၃၀	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၃၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။	
၃၂	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	
၃၃	လူငယ်နှင့်အားကစား	အားကစား	အားကစားနည်းပးညာများတိုးတက်ခေတ်မီလာစေရန် ဟောပြောခြင်း၊လေ့ကျင့်သင်ကြားပေးခြင်း	
၃၄	သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၃၅	ဆက်သွယ်ရေး		–	

လှည်းကူးကျေးရွာ၊ အင်ဒေါင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဝင်းမောင်	ဦးဖိုးမင်း	၅/ထခန(နိုင်) ၀၅၈၅၀	၄၉	ဥက္ကဋ္ဌ	၀၉-၈၉၂၈၉၅၂၇၆
၂	ဦးရဲရွှေ	ဦးခွေးမောင်	၅/ထခန(နိုင်) ၀၅၈၈၃၁	၄၃	အတွင်းရေးမှူး	၀၉-၂၆၂၀၅၁၄၄၆
၃	ဒေါ်ချယ်ရီဌေး	ဦးမောင်မောင်	၅/ထခန(နိုင်) ၁၁၀၉၄၀	၂၀	စာရင်းကိုင်	၀၉-၆၈၂၀၇၆၃၂၈
၄	ဦးမင်းနိုင်	ဦးချော	၅/ထခန(နိုင်) ၀၇၁၄၁၃	၃၀	ဘဏ္ဍာရေးမှူး	၀၉-၂၅၉၁၂၉၀၆
၅	ဦးအောင်စိုးဝင်း	ဦးလှရွှေ	၅/ထခန(နိုင်) ၀၇၈၉၉၆	၄၇	အဖွဲ့ဝင်	၀၉-၈၉၈၆၇၈၀၃
၆	ဒေါ်နန္ဒာလင်း	ဦးထွန်းရှန်	၅/ထခန(နိုင်) ၁၀၄၁၀၂	၂၂	အဖွဲ့ဝင်	၀၉-၂၆၀၁၇၆၆၄၇
၇	ဒေါ်ခင်ညို	ဦးညွန့်ဝေ	-		အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၉	၁၇	၃၆	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၆	၄၃	၇၉	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၂	၃၅	၇၇	-	၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၄	၄၅	၈၉	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၈၄	၄၃၁	၈၁၅	၂	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၆	၁၉၂၆	၄၂	-	-
စုစုပေါင်း		၅၄၁	၅၉၇	၁၁၃၈	၂	၃
စုစုပေါင်း အိမ်ထောင်စု		၂၅၇				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ် ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ် များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာသည် အိမ်ထောင်စု (၂၅၇)စု၊လူဦးရေ (၁၁၃၈)ဦးရှိပါသည်။ကျေးရွာ တွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၃.၁၇%)၊(၅)နှစ်အောက်ကလေးငယ် (၆.၉၄%)၊ မူလတန်း ကျောင်းသားအရွယ် (၆.၇၆%)၊အလယ်တန်းကျောင်းသားအရွယ် (၇.၈၂%)၊အလုပ်လုပ်နိုင်သည့်အရွယ် (၇၁.၆၁%)၊ သက်ကြီးရွယ်ကြီး (၃.၇%)ရှိပါသည်။ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၈.၃၈%)ရှိပါသည်။အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၃၈၄)ဦး၊မ (၄၃၁)ဦး စုစုပေါင်း(၈၁၅)ဦးရှိပြီး တစ်ရွာလုံးရှိလူ ဦးရေ၏ (၇၁.၆၁%)ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးခန့်ရှိပြီး ကျေးရွာအတွင်း အလုပ်လုပ်နိုင်သည့် လူဦး ရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။ကျေးရွာတွင် မသန်စွမ်းသူ ကျား(၂)ဦးနှင့် မ(၃)ဦးရှိသော်လည်း မိသားစုများ၊ဆွေမျိုးများနှင့် ကျေးရွာမှ ကူညီစောင့်ရှောက်မှုပေးသောကြောင့် အခက်အခဲမရှိပါ။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၁၇	၃၀၉	၁၇	၂၀	၂၈	၂၁	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇၁	၁၉၃	၁၂	၁၂	၁၉	၅	မြင့် ☐ လတ်☐ နိမ့် ✓
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁	၄	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၄	၈	-	-	-	၂	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၇	၁၇	၂	-	၂	၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၁	၁	-	-	မြင့် ☐ လတ်✓ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၈	၂၈	၃	၇	-	-	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၂၂၂	၅၆၃	၃၅	၄၀	၄၉	၃၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် လက်သမား၊ပန်းရံလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ကျေးရွာတွင်စက်ချုပ်သူ၊ဈေးရောင်းသူ၊ကားမောင်းသူ၊ပညာရေးဝန်ထမ်းလုပ်ကိုင်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသူများလည်းရှိပါသည်။ကျေးရွာတွင် အသက်မွေးမှုနည်းပညာတတ်မြောက်သည့် မိသားစုဦးရေမှာ နည်းပါးပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ကွဲပြားခြားနားမှုရှိပါသည်။ကျေးရွာသူ/သားများ၏ လုပ်အားခနှုန်းထားမှာ တန်းတူညီမျှ ရရှိကြပါသည်။အခြားသော လုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းမရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၂၆၄	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၀၆	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	–	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၇၀	☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာတွင် လယ်မြေဧကစုစုပေါင်း (၂၆၄)ဧကနှင့် ယာမြေ (၆၀၆)ဧက ရှိပါသည်။လယ်မြေနှင့် ယာမြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်သည့် လယ်ယာမြေ

များဖြစ်သော်လည်း ဆည်မြောင်း/ရေသွင်းမြောင်းတို့မရှိခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းနည်းပါးပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☐	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ✓ သင့်☐ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်✓ နည်း☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာပိုင်နက်အတွင်း တွင်းထွက်သယံဇာတများမရှိပါ။ကျေးရွာအနီးတွင် ကျောက်၊သဲများကို အလွယ်တကူ မရရှိနိုင်ပါ။သဘာဝအပင်မျိုးစိတ်များဖြစ်သော နွားစာနှင့် ဆေးဘက်ဝင်အပင်များမှာ နွားစသောတိရစ္ဆာန်များအတွက် လွတ်ကျောင်းရန် အစားအစာများလည်း ပေါများပါသည်။ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂	၃၁	၁၀၅	၁၁၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာတွင် စီးပွားရေးအဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပါသည်။မပြေလည်သောအိမ်ထောင်စုများသည် လယ်အငှားလုပ်ငန်းလုပ်ကိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ လက်သမား/ပန်းရံလုပ်ငန်း လုပ်ကိုင်ခြင်း၊စက်ချုပ်ခြင်း၊ဈေးအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ယာဉ်မောင်းခြင်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုကြပါသည်။အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်ခြင်း၊ပျိုးနုတ်ခြင်းစသည့်ရာသီအလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၃၉	၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၅_____ လုပ်အားခကြိုယူ = _____၂၄_____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၂၈	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၂_____ လုပ်အားခကြိုယူ = _____၁၆_____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာရှိဥစ္စာဓနအဆင့် "၃" "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၅၈)ရာခိုင် နှုန်းမှာ (၃)လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၁၉) ရာခိုင်နှုန်း မှာ (၃-၅)လအထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်း ဖြင့် ဖြေရှင်းကြရပါသည်။ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ် လျော့စားခြင်း၊များမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရ သိရပါသည်။မြေယာမဲ့ ကျပန်းသမားများမှာ အခြားသောအချိန်များတွင် ချေးငှားခြင်း၊ အတိုးဖြင့်ငွေချေးခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လှည်းကူးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄)နှစ်နှင့် အထက်လူဦးရေ မ(၁)ယောက်ရှိပြီး ရပ်ရွာမှဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၃)စုရှိပြီး ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ် ခုလပ်အိမ်ထောင်စုအရေအတွက် (၁)စုရှိပါသည်။အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စုမရှိပါ။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	-	-	-	-	-	-
၂	လျှပ်တပြတ်ရေကြီးခြင်း	✓	-	-	✓	-	-
၃	မုန်တိုင်းဒီရေ	-	-	-	-	-	-
၄	ဆူနာမီ	-	-	-	-	-	-
၅	တိုင်ဖုန်းမုန်တိုင်း	-	-	-	-	-	-
၆	လေဆင်နာမောင်း	-	-	-	-	-	-
၇	ငလျင်	-	-	-	-	-	-
၈	အပူလှိုင်း	-	-	-	-	-	-
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	-	-	-	-	-	-
၁၀	အအေးလှိုင်း	-	-	-	-	-	-
၁၁	မိုးသီးကြွေကျမှု	-	-	-	-	-	-
၁၂	မိုးခေါင်ခြင်း	-	✓	-	✓	-	-
၁၃	တောမီးလောင်ခြင်း	-	-	-	-	-	-
၁၄	မြစ်ကမ်းပါးပြိုခြင်း	-	-	-	-	-	-
၁၅	ကမ်းရိုးတန်းတိုက်စားမှု	-	-	-	-	-	-
၁၆	မြေပြိုခြင်း	✓	-	-	✓	-	-
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	-	✓	-	✓	-	-
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓	-	-	✓	-	-
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓	-	-	✓	-	-
၂၀	သစ်တောပြုန်းတီးခြင်း	-	-	-	-	-	-
၂၁	၄က်ဖျားရောဂါ	-	-	-	-	-	-
၂၂	တီဘီရောဂါ	✓	-	-	✓	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	–	–	–	–	–	–
၂၄	ကပ်ရောဂါ	–	–	–	–	–	–
၂၅	ပြည်တွင်းပဋိပက္ခ	–	–	–	–	–	–
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	–	✓	–	✓	–	–
၂၇	လူကုန်ကူးခြင်း	–	–	–	–	–	–
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေးခက်ခဲခြင်းစသည်	✓	–	–	✓	–	–

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

